**“အကောက်ခွန်ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းများထည့်သွင်းခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း”**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်၊ သွင်းကုန်နှင့် ပတ်သက်သည့်သတင်းလွှာ အမှတ် (၇/၂၀၂၃) ဖြင့် အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့်ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုအားလုံး အတွက်ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ပါ ထုတ်ပြန်ကြေညာချက်များအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှစတင်၍ (၆)လတိတိ ယာယီဆိုင်းငံ့သွားမည်ဖြစ်ပြီး လိုအပ်ပါကသက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်လှောင်ရုံအတွင်းသို့ထားရှိမည့်ပစ္စည်းများနှင့်ပတ်သက်၍ (၁-၄-၂၀၂၃) ရက်နေ့မှစပြီး ကုန်သွယ်ရေးဦးစီးဌာန၏ လိုင်စင်ရရှိပြီးမှသာ ကုန်ပစ္စည်းများထည့်သွင်းသိုလှောင်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**